**YANGON AERODROME COMPANY LIMITED**

*Setting the standard for high performance*

**Press Release**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်(YIA) Terminal 1 တွင် ခရီးဆောင်အိတ်များ အပ်နှံနိုင်မည့် Left Baggage Service စတင်အသုံးပြုနိုင်

**ရန်ကုန်- နိုဝင်ဘာလ ၂၃ ရက်၊ ၂၀၁၈ ခုနှစ်** - ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) အသုံးပြုသူခရီးသည်များအနေဖြင့် မိမိတို့၏ အိတ်များကို ခေတ္တအပ်နှံထားရှိနိုင်သော ၂၄ နာရီဝန်ဆောင်မှုပေးလျက်ရှိသည့် Left Baggage Service ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စတင်အသုံးပြုနိုင်ပြီဖြစ်ပါသည်။

အိတ်အပ်နှံသည့် ဝန်ဆောင်မှုကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) Terminal 1 တွင် နိုဝင်ဘာလ ၁၉ ရက်နေ့က စတင်ဖွင့်လှစ်လိုက်ပြီး အပ်နှံသော အိတ်များ၏ အရွယ်အစား၊ အလေးချိန်ပေါ်မူတည်၍ အိတ်အပ်နှံခမှာ အနည်းဆုံး ၃,၀၀၀ ကျပ် မှ ၁၅,၀၀၀ ကျပ်အထိ အသီးသီး ကျသင့်မည်ဖြစ်ပါသည်။ အိတ်အပ်နှံလိုသော ခရီးသည်များအနေဖြင့် Terminal 1 ထွက်ပေါက်အမှတ် (၇) အနီးရှိ ၂၄ နာရီဝန်ဆောင်မှုပေးလျက်ရှိသော Left Baggage Counter တွင် သွားရောက်အပ်နှံနိုင်ပါသည်။

၎င်းအိတ်အပ်နှံသည့် ဝန်ဆောင်မှုသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အဆင့်မြှင့်တင်ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများထဲမှ တစ်ခုဖြစ်ပြီး လက်ရှိအချိန်အထိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 1 တွင် check-in ကောင်တာသစ် ၃၀ ခု နှင့် Baggage Claim Belt သစ် ငါးခုကို ထပ်တိုးဖွင့်လှစ်ထားပေးပြီး lounge အသစ်များ နှင့် စားသောက်ဆိုင်ခန်းအသစ်များလည်း တိုးချဲ့ဖွင့်လှစ်ထား လျက်ရှိပါသည်။

အိတ်အပ်နှံကြေး နှင့် လုံခြုံရေးဆိုင်ရာစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) အိတ်အပ်နှံရန် လိုအပ်ချက်များ -

- အပ်နှံသူ၏ မှတ်ပုံတင်၊ ပတ်စပို့၊ သက်သေခံကတ်ပြားမူရင်း။

(၂) အပ်နှံနိုင်သော ပစ္စည်းများ -

- ခရီးဆောင်အိတ်အရွယ်အစားအမျိုးမျိုး၊ ကျောပိုးအိတ်၊ ဈေးဝယ်အိတ်၊ လက်ဆွဲအိတ်၊ ကွန်ပျူတာအိတ်၊ ပလတ်စတစ်အိတ်စသည့် အိတ်အမျိုးမျိုး၊ အပ်နှံသူ ၏ အသေးစားတစ်ကိုယ်ရည်သုံးပစ္စည်းများ(အကျီ၊ ထီး၊ ဦးထုပ်စသည်) ။

(၃) အပ်နှံခွင့်မပြုသော ပစ္စည်းများ -

- ငွေသား၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ ကျိုးပဲ့လွယ်သော ပစ္စည်းများ၊ အနံ့အသက်ပြင်းထန်သော ပစ္စည်းများ၊ အစားအသောက်များ ။

|  | Suticase/Luggage/Laptop bag/Back pack/Hand bag/Shopping bag/Plastic bag | | |
|---|---|---|---|
| | Small Size<br>**Less than 10KG** | Medium Size<br>**Equal or more than 10KG** | Odd Size<br>**30KG and above** |
| | Every Subsequent<br>24 hr-block | Every Subsequent<br>24 hr-block | Every Subsequent<br>24 hr-block |
| | **6000 MMK**<br>per piece | **10,000 MMK**<br>per piece | **15,000 MMK**<br>per piece |

*Minimum Charge is 24 hr block

|  | **Box/ Surfboard/Bicycle/Stroller/Golf Bag/Musical Instrument & Other oversize items** |
|---|---|
| | **Every Subsequent24 hr-block** |
| | **10,000 MMK**<br>**per piece** |

*Minimum Charge is 24 hr block

|  | **Jacket/Hat/Shoes/Bottle/Umbrella & any other loose items size less than A4** |
|---|---|
| | **Every Subsequent24 hr-block** |
| | **3,000 MMK**<br>**per piece** |

ထပ်မံသိရှိလိုသောအချက်များရှိပါက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ အိတ်အပ်နှံဝန်ဆောင်မှုကောင်တာရှိ တာဝန်ကျဝန်ထမ်းများ (သို့မဟုတ်) ၀၉-၉၆၇၀၅၉၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

– END –

## Yangon Aerodrome Company Limited (YACL)

***Setting the standard for high performance***

Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံသို့ အဓိကဝင်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ပြည်ဆိုင်ရာလေဆိပ်အား စီမံခန့်ခွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ် ဖြစ်သည်နှင့်အညီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ

လေဆိပ်သည် အခြေခံအဆောက်အအုံ၊ အဖွဲ့အစည်းနှင့် စီမံခန့်ခွဲမှု အစရှိသော အဓိက နယ်ပယ်များတွင် အကောင်းမွန်ဆုံးဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားနေစေရေးစံချိန်စံညွှန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းတွင် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သော ခရီးသွားဦးရေသည် ပုံမှန်တိုးတက်လျက် ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ရေရှည်တိုးတက်မှုများ ကြုံတွေ့လာနိုင်သည့်အားလျော်စွာ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်အနေဖြင့် နှစ်စဉ် တိုးတက်လာသော ခရီးသည်ပမာဏနှင့်အညီ ဝန်ဆောင်မှုများကို တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးပြည့်ဝသော နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုများပေးနိုင်ရန် မျှော်မှန်းတည်ဆောက်ထားခြင်းဖြစ်ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံ နေထိုင်ရာ အိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိနေပြီး ဘန်ကောက်၊ စင်္ကာပူ၊ ကွာလာလမ်ပူ၊ တိုကျို၊ ဆိုးလ်၊ ဒူဘိုင်း၊ ဒိုဟာ၊  ဘေကျင်း၊ ဟောင်ကောင် နှင့် တိုင်ပေ အစရှိသော မြို့ကြီးများနှင့်လည်း ၆ နာရီကြာ ပျံသန်းချိန်အကွာအဝေးအတွင်း၌သာ တည်ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၁ လိုင်း နှင့် အပြည်ပြည်ဆိုင်ရာ ခရီးစဉ် ၂၉ ခုအား ဝန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ၂၀၁၇ ခုနှစ်အတွင်း ခရီးသည်စုစုပေါင်း ၅.၉၂ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။